# မင်းကကြဲကျေးရွာ
# ပုလောမြို့နယ်၊
# မြိတ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး
# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၃)






ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မင်းကကြဲကျေးရွာ၊ ပုလောမြို့နယ်
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၀ပြည့်နှစ်၊ ဇွန်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | |
| | **မင်းကကြဲကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | **နောက်ဆက်တွဲ (၆)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

**၂၀၂၀ပြည့်နှစ်၊ ဇွန် လ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**မင်းကကြဲကျေးရွာ**

**ပုလောမြို့နယ်**

## ပြည်ခြားကျေးရွာအုပ်စု၊ မင်းကကြဲကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



## ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | ပူပြင်းမိုးနည်း | မိုးများ | မိုးများ | မိုးများ | မိုးများ | မိုးအသင့်တင့် /နေပူ | ဆောင်း၊မိုးမရွာ နေပူ | ဆောင်း၊မိုးမရွာ နေပူ | ဆောင်း၊မိုးမရွာ | ပူပြင်း ခြောက်သွေ့ | ပူပြင်း ခြောက်သွေ့ | ပူပြင်း ခြောက်သွေ့ | |
| အလုပ်အကိုင် | ဥယျာဉ် | စပါး | စပါး | စပါး | စပါး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | ဥယျာဉ်၊ကွမ်းသီး | |
| လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | |
| အသုံးစရိတ် | သင့် | နည်း | နည်း | နည်း | သင့် | သင့် | များ | များ | များ | များ | များ | များ | |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | |
| ဝမ်းစာဖူလုံမှု | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | |
| သောက်သုံးရေရရှိမှု | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | |
| တိရစ္ဆာန်ရောဂါကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ကျန်းမာရေး(ဖျားနာခြင်း) | မရှိ | သင့် | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| သီးနှံရောဂါကျရောက်မှု | မရှိ | မရှိ | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ပွဲတော်များ | သင်္ကြန် | ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | မရှိ | မရှိ | မရှိ | မရှိ | |
| သဘာဝဘေး အန္တရာယ်ကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |

## အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ

### အဖွဲ့အစည်းချိတ်ဆက်မှုပုံစံပြ

**ပြည်ခြားကျေးရွာအုပ်စု၊ မင်းကကြဲကျေးရွာ၏ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းပုံစံပြ**
**Venn Diagram**

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ

- ကာလသား/သမီးဖွဲ့
- နာရေးကူညီရေးအဖွဲ့
- ရာအိမ်မှူးအဖွဲ့
- ဆယ်အိမ်မှူးအဖွဲ့
- ဂေါပကအဖွဲ့
- ရပ်မိရပ်ဖအဖွဲ့
- ကျောင်းအကျိုးတော်ဆောင်အဖွဲ့

ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများ

တော်ဆောင်အဖွဲ့




## ဥစ္စာဓနအဆင့် သတ်မှတ်ချက်ပုံစံ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၅ | ၄၅ | ၃၄ | ၁၄ |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မင်းကကြဲကျေးရွာသည် ပြည်ခြားကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၅၈မိနစ်၇စက္ကန့်နှင့် အရှေ့လောင် ဂျီတွဒ် ၉၈ဒီဂရီ ၃၈မိနစ်၊ ၄၄စက္ကန့် ကြားတွင် အရှေ့ဘက်တွင် နန်းတောင်ကျေးရွာ၊အနောက်ဘက်တွင် ကျောက်တောင် ၊တောင်ဘက် တွင် ဝါးကုန်းကျေးရွာ၊ မြောက်ဘက်တွင် ကြွက်ခဲကျေးရွာတို့နှင့် ထိစပ်လျှက် ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မင်းကကြဲကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၉၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၇၀) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ဆင်ထိုးကြီး ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၅) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ (၉၅) လက်မဖြစ်ပါသည်။ မင်းကကြဲကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်း အမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များအား အခြားဒေသများမှ သွားရောက်ဝယ်ယူကြရပါသည်။ တောတိရစ္ဆာန် မျိုးစိတ်များ ရှားပါးနေပြီဖြစ် ပါသည်။ သဘာဝအပင်မျိုးစိတ်များ **(**ကာရဝေး၊ဂျာမနီ၊ လောက်သေ၊သတ်ရင်ကြီး၊ ဖလံတောင်မွှေး၊ ဆင်တုံးမနွယ်**)**စသည့်ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်သည့်အပင်များ ပေါက် ရောက်သည့် ဒေသတစ်ခုဖြစ် ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မင်းကကြဲကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၀၈) အိမ်ရှိ ပြီး လူဦးရေစုစု ပေါင်း (၆၆၇) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိ သော ကျေးရွာတရွာဖြစ်ပါသည်။ မင်းကကြဲကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး ရာများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း (၇) ခုရှိပြီး နာရေး အဖွဲ့မှ ကျေးရွာ၏ နာရေးကိစ္စရပ်များအား အဓိက ဆောင်ရွက်နေကြပါသည်။ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့မှ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍများတွင် ဦးဆောင် ဦးရွက်ပြုလုပ်ဆောင်ပြီး စသည့်အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်နေကြပါသည်။

မင်းကကြဲကျေးရွာတွင် ချေးငွေအတွက် Vision Fund မှ အတိုး(၂ကျပ်၂၀ပြား) ဖြင့် ၅သိန်းမှ ၁၅သိန်းအထိ ပိုင်ဆိုင်မှုပြ၍ (၁)နှစ်ကာလ ကြာမြင့်စွာ ထုတ်ချေး ပေးလျှက် ရှိပါသည်။ မင်းကကြဲကျေးရွာ၏ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ကိစ္စများ ပိုမိုတိုးတက်

ကောင်းမွန်စေရန် ကျေးရွာအတွင်းရှိ ပရဟိတအဖွဲ့နှင့် ကျေးရွာပြင်ပရှိ ပရဟိတအဖွဲ့တို့ ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်လျှက်ရှိပါသည်။ Pact Myanmarအဖွဲ့မှ ငွေချေး လုပ်ငန်း အပြင် စိုက်ပျိုးရေး/ မွေးမြူ ရေးသင်တန်းများ ပို့ချကြပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

မင်းကကြဲကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ (၂၀၁.၅)ဧက ရှိပါသည်။ ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ(၂၆)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၁) အိမ် ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၂၁) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၅)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံ သီးနှံများ ကို အဓိကအားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၄၁.၇%) ခန့်ရှိပါသည်။ မင်းကကြဲ ကျေးရွာတွင် ဥယျာဉ်ခြံနှင့်ရာဘာကို ဦးစားပေး စိုက်ပျိုး လုပ်ကိုင်ကြပြီး အဆိုပါ လုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ် လုပ်သား များအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်းရှိကြပါသည်။

**(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း**

မင်းကကြဲကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် အိမ်ထောင်အများစုမှာ ဝက်၊ ကြက် ဘဲ စသည်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ အိမ်ခြံဝင်းအတွင်း မြေနေရာ အသင့်အတင့်ရှိပြီး ချေးငွေမရှိခြင်း ၊ တိရစ္ဆာန်မျိုးမရှိခြင်း၊ နည်းပညာအားနည်းခြင်း တို့ ကြောင့် စီးပွါးဖြစ် မွေးမြူရန် ခက်ခဲ ပါသည်။ တိရစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ သိရှိမှုအားနည်းပြီး မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ပုံမှန်မရရှိပေ။စီးပွါးဖြစ် မွေးမြူရေးလုပ်ငန်း လုပ် ကိုင်မည်ဆိုပါက မွေးမြူရေး နည်းပညာ နှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်း ကြပါသည်။ တိရစ္ဆာန် ကူးစက်ရောဂါများ ကျရောက်မှု နည်းပါးသော်လည်း စီးပွားဖြစ် မွေးမြူရေးဆိုင်ရာ နည်းစနစ်များနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ် ပေးနိုင်ပါက စီးပွါးဖြစ်မွေးမြူသည့်အိမ်ထောင်စု ပိုမို များပြားလာမည်ဖြစ်ပါသည်။ ကမ်းလွန်ငါးဖမ်း လုပ်ကိုင်သည့်အိမ်ထောင်စု(၂၀)ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

မင်းကကြဲကျေးရွာတွင် ဆောက်လုပ်ရေး လုပ်ငန်း ခွင်တွင် လက်သမား၊ ပန်းရံ

အဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊ အဝတ်ချုပ်ခြင်း၊(ခရိ)ဖက်ထိုးခြင်း ၊ဦးထုပ်ယက်ခြင်းစသည့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအဖြစ် လုပ်ကိုင် နေကြသူများလည်းရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါး သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေ အနည်းငယ်ပိုများရခြင်းဖြစ်ပါသည်။ မင်းကကြဲကျေးရွာ၏ စိုက်ပျိုးမွေးမြူရေး မဟုတ်သောအသက်မွေး ဝမ်းကျောင်းလုပ်ငန်း ကျွမ်းကျင်မှု အားနည်းပါသည်။ ကျေးရွာထွက်ကုန်များကို အဆင့်မီ ကုန်ချောအဖြစ်အဆင့်မြင့်တင်သည့်စနစ်များကို သင်တန်းပေးရန် လိုအပ်နေပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ လျှပ်စစ်မီး ရရှိနိုင်ခြင်း၊ အသေးစား လုပ်ငန်းများ အတွက် ဈေးကွက်အသိအမြင် အသင့်အတင့်ရှိခြင်း၊ ချေးငွေရနိုင်မှု အသင့် အတင့်ရှိခြင်းတို့ကလည်း ကျေးရွာ၏ အသေးစားအလတ်စား စီပွားရေး လုပ်ငန်း များ အတွက်အသက်မွေးမှု ပြုနိုင်သည့် အခွင့် အလမ်းကောင်းများဟု ဆိုရမည်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် နည်းပညာဝန်ဆောင်မှုများ ရရှိရန် လိုအပ်နေပါသည်။ မင်းကကြဲကျေးရွာမှ မည်သည့်ထွက်ကုန်ပစ္စည်းများ မထွက်ပါ။ အသက်မွေးဝမ်းကျောင်းအတတ်ပညာအားနည်းခြင်း၊လက်လှမ်းမီမှုအားနည်းခြင်း၊ မိရိုးဖလာလုပ်ငန်း ကိုသာ အာရုံစိုက်လုပ်ကိုင်ခြင်း၊ပြင်ပအဖွဲ့အစည်းများနှင့် ထိတွေ့မှု အားနည်းခြင်း တပါးသူအပေါ်မှီခိုလိုစိတ်ကြီးမားခြင်း၊ထိုးထွင်းကြံဆမှု အားနည်းခြင်း၊အလွယ်လမ်းလိုက်သူများ နေခြင်းကြောင့် စိုက်ပျိုး/ မွေးမြူရေးမဟုတ်သော စီးပွါးရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများဖြစ်စေပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

မင်းကကြဲကျေးရွာတွင် လယ်သမားများ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ချေးငွေရရှိပါသည်။ လယ်စိုက်ပျိုးသူများသည် သီးနှံထွက်ရှိချိန်တွင် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည် ပေးဆပ်ရသည် ။ချေးငွေကာလတိုပြီး လုံလောက် သောချေးငွေ များ မရသည်ကလည်း လုပ်ငန်းတိုးချဲ့နိုင်ရန်အတွက် ကြန့်ကြာမှုများ ဖြစ်နေ သဖြင့်ကာလ ရှည်ချေးငွေများ ရရှိလိုကြပါသည်။အစိုးရမဟုတ်သော ပြင်ပအဖွဲ့အစည်း Vision Fund မှ ချေးငွေရှိပါသည် ။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇)တင်ပြနိုင် သည့်

လယ်သမား များသာ ချေးငွေရရှိပြီး Vision Fundမှာ ပိုင်ဆိုင်မှုပြနိုင်မှသာ အနည်းဆုံး (၅)သိန်း မှ အများဆုံး (၁၅)သိန်းသာ ချေးယူရှိပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

မင်းကကြဲကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးများ ကျောင်းသူ/ သားများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်၊ကားတို့မှာ သွားလာရေးနှင့် စီးပွါးရေးကိစ္စတွင် အသုံးပြုကြပါသည်။ စက်ဘီးစီးရေမှာ (၂၅)စီး ၊ဆိုင်ကယ် (၆၀)စီး၊ စက်လှေ(၂၀)စီး၊ မော်တော်ကား(၁)စီးရှိပြီး ရွာ၏သယ်ယူ ပို့ဆောင်ရေး တွင် အဓိက အသုံးပြုကြပါသည်။

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦး ဖွံ့ဖြိုး မှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ မင်းကကြဲ-ဝါးကုန်း ကျေးရွာ ချင်း ဆက်လမ်း(၁.၄)မိုင်ကို ၂၀၁၅ခုနှစ်တွင် (ပ.ဆ.င)မှ ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့် တင်ခဲ့သော်လည်း ယခုအခါတွင် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ် နေပါသည်။ ရွာတွင်း လမ်း(၁)မိုင် မှာမြေသားလမ်းဖြစ်ပြီး ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့် တင်ရန် လိုအပ်နေပြီး မိုးရာသီတွင် ရေကျော်ခြင်း၊ရွှံ့ဗွက်ထခြင်းများကြောင့် ရဟန်းသံဃာ များ ဆွမ်းခံကြွခြင်း၊ ကျောင်းသား/ သူများသွားလာရခက်ခဲခြင်း၊ကျေးရွာတွင်း သာရေး၊ နာရေး၊စီးပွါးရေး၊လူမှုရေးများအတွက် အနှောင့်အယှက်အခက် အခဲဖြစ်နေခြင်းများ ကြုံတွေ့ နေရသောကြောင့် ကွန်းကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ရန် အထူးလိုအပ်နေပါသည်။

မင်းကကြဲကျေးရွာတွင်တံတားကြီးကြီးမားမားမရှိပါ။မင်းကကြဲ-ဝါးကုန်း ကျေးရွာ ချင်းဆက်တံတားကို ဆောက်လုပ်ရေးမှ ကွန်ကရစ်တံတား(၁)စင်း၊တံတားငယ်(၂)စင်း၊ ပေါင်းကူး(၃)ခု ဆောက်လုပ်ပေးထားပါသည်။ ဆိပ်ခံရေဆင်းတံတားမှာ ၂၀၀၈ခုနှစ်တွင် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားပြီး ယခုအခါတွင် (နတလ)မှ ဆောက်လုပ်ထား ရှိပြီးဖြစ်ပါသဖြင့် တံတားများမှာ ကောင်းမွန်မှုရှိပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

မင်းကကြဲကျေးရွာတွင် (၂၄)နာရီမီး ရရှိသဖြင့် အိမ်တိုင်းနီးပါး လျှပ်စစ်မီး ရရှိပါသည်။ စီးပွားရေးမပြေလည်သော အိမ်ထောင်စု(၃)စုမှာ မီးခွက်၊ ဖယောင်းတိုင်ဖြင့် အသုံးပြုပါသည်။ဆိုလားပြား အသုံးပြုသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

မင်းကကြဲကျေးရွာတွင်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း(၂၀၀) လုံး၊ ရေဒီယို(၂၆)လုံး၊ တီဗွီ(၁၀၀)လုံး၊ဂြိုလ်တုစလောင်း(၁၀၀)စသည်တို့မှ ရရှိ ပါသည်။ မင်းကကြဲကျေးရွာ၏ ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်ဆိုင်ရာ နည်းပညာ အခြေအနေများမှာ အိမ်တိုင်းစေ့နီးပါး ဖုန်း၊ ရေဒီယိုများ မှတဆင့် သတင်း အချက်အလက် များရရှိနေပြီး အချို့အိမ်ထောင်စုများတွင် ဂြိုလ်တုစလောင်း များပင် အသုံးပြုနိုင် ကြပါ သည်။

## ၆။ ပညာရေး

မင်းကကြဲကျေးရွာတွင် အခြေခံပညာ မူလွန်ကျောင်းရှိ၍ မူလတန်းပညာနှင့် အလယ်တန်းအဆင့်အထိ သင်ကြားရသော ကလေးများအတွက် အဆင်ပြေစွာ ကျောင်း တက် နိုင်ပြီး အစိုးရခန့် ဆရာမ **(၉)** ဦးမှ ကျောင်းသား(၁၄၅)ဦးအား ပညာသင်ကြား ပေးနေ ပါသည်။ အဌမတန်းအဆင့်နှင့် အထက်တန်းအဆင့် ပညာရေးကို **(၉)** မိုင်ခန့်သာဝေးသော ပလောက်မြို့တွင်သွားရောက် သင်ကြားရ ပါသည်။ ပညာရေး အဆောက်အဦများမှာ အသင့်အတင့်သာရှိပြီး လိုအပ်သလို ပြုပြင်ရန်နှင့် ကျောင်းတွင်းပရိဘောဂများနှင့် စာရေးထိုင်ခုံ များလည်းလိုအပ်ပါသည်။ ကျောင်းသား/သူများ အိမ်သာအနေအထားမှာ အသင့်အတင့်ကောင်းမွန် မှုရှိပါသည်။ ကျောင်းအားကစားကွင်းအကောင်အထည်ဖော်ရန် လိုအပ်နေပါသည်။

မင်းကကြဲကျေးရွာတွင် စာမတတ်သူ **(၂.၆၉%)**ရှိပါသည်။ ကျေးရွာလူဦးရေ၏ **(၆၇.၅%)** မှာ မူလတန်းအဆင့် ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ်တန်း အဆင့်အထိ တတ်မြောက်သူ **(၆.၇၄%)**၊ အထက်တန်းအဆင့် တတ်မြောက်သူ **(၂.၆၉%)**၊ တက္ကသိုလ်/ ကောလိပ် အဆင့်ရှိသူဦးရေမှာလည်း**(၁.၇၉%)** အထိ ရှိပြီး အတန်းပညာ တတ်မြောက်မှုတိုးတက် လာသော ကြောင့် အနာဂတ်ကာလ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာ ကြပါမည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

မင်းကကြဲကျေးရွာတွင် ဝါးကုန်းကျေးရွာ ကျေးလက်ဆေးပေးခန်းမှ သားဖွါး ဆရာမသည် **(၁)**လ**(၁)**ကြိမ် ကိုယ်ဝန်ဆောင်မိခင်များအတွက် ဆေးစစ်ပေးခြင်း၊ ကလေး

သူငယ် များအတွက် ကာကွယ်ဆေးတိုက်ကျွေးခြင်းများ ကိုလာရောက်လုပ်ဆောင် ပေးပါသည်။မင်းကကြဲကျေးရွာတွင် မိုးရာသီတွင် တုတ်ကွေး၊ဖျားနာ၊ငှက်ဖျား၊ အဓိကဖြစ်ပွါးလေ့ရှိပြီး ဝါးကုန်းကျေးလက်ဆေးပေးခန်းတွင် သွားရောက်ကုသကြပါသည်။ ဆင်းရဲသောမိသားစုနှင့် အသက်ကြီးရွယ်အိုများ မသွားနိုင်ပါက ဖုန်းဖြင့်အသိပေးရုံဖြင့် ဆရာမကိုယ်တိုင်ဆိုင်ကယ်ဖြင့် အိမ်တိုင်ရာရောက် ကုသပေးပါသည်။ရောဂါပြင်းထန်ပါက ပလောက်မြို့တိုက်နယ်ဆေးရုံတွင် ကုသကြ ရပါသည်။ကျိုးပေါင်း၊တီဘီ၊အသည်းရောင် အသားဝါ ရောဂါများမှာ ဖြစ်ပွါးမှုနည်းပါးပြီး သွားကိုက်၊ သွားပိုးစားရောဂါများ အဖြစ်များ ပါသည်။ သွေးတိုး၊ဆီးချိုရောဂါ ဖြစ်ပွါးမှု မြင့်မားပါသည်။

မင်းကကြဲကျေးရွာတွင် ကျေးရွာတည်ရှိပုံသည် အထက်ပိုင်း၊အောက်ပိုင်း၊ ကမ်းနားပိုင်း ဟူ၍ အပိုင်း(၃)ပိုင်းဖြစ်နေပါသည်။အထက်ပိုင်းရှိ ရေတွင်းသည် ၄၅' အထက်အတွင် ရှိ သည်။ မိုးရာသီတွင် ရေရရှိပြီး (၁၂)လပိုင်းတွင် ရေအနည်းငယ်ခမ်းခြောက်ပြီး (၂/၃) လ ပိုင်းတွင် အားလုံးခမ်းသွား ပါသည်။အောက်ပိုင်းတွင် ရေတွင်းရှိသောကြောင့် ရေလုံလောက် မှု အထက်ပိုင်းရှိ ရေတွင်းသည် ၄၅' အထက်အတွင်ရှိသည်။မိုးရာသီတွင် ရေရရှိပြီး (၁၂)လ ပိုင်းတွင် ရေအနည်းငယ်ခမ်းခြောက်ပြီး (၂/၃)လပိုင်း တွင် အားလုံးခမ်းသွားပါသည်။ အောက်ပိုင်းတွင် ရေတွင်းရှိသောကြောင့် ရေလုံလောက်မှုရှိသည်ဟု ဆိုရပါမည်။ ကမ်းနား ပိုင်း သည် ဆားငန်ရေနယ်မြေဖြစ်သည့်အတွက် ရေတွင်းတူး၍ မရသောကြောင့် အောက်ပိုင်း သို့ လာရောက်ခပ်ယူ သုံးစွဲကြရပါသည်။ ငွေကြေး တတ်နိုင်သူများက ဝယ်ယူသုံးစွဲကြပါသည်။ ကျေးရွာတွင် အဝီစိတွင်း၊မြစ်/ချောင်းများ မရှိပါ။

မင်းကကြဲကျေးရွာတွင်ယင်လုံအိမ်သာသုံးစွဲမှုမှာ (၇၅)အိမ်ရှိပြီးကျန် အိမ်ထောင်စုများမှာ ယင်လုံအိမ်သာဆောက်လုပ်ရာတွင် ကျန်းမာရေးဗဟုသုတအားနည်းခြင်း၊ ကုန်ကျစရိတ် များပြား မှုကြောင့်မဆောက်လုပ်နိုင်ပဲ ကျင်းအိမ်သာ ၊တောင်ထိုင်ခြင်းများကို ပြုလုပ်ကြပါသည်။ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ အခါအားလျော်စွာ ပြုလုပ်ပေးစေချင်ပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မင်းကကြဲကျေးရွာ၏ စိုက်ပျိုးမြေများမှာ မြေဆီသြဇာ ပြန်လည် ဖြည့်တင်းသည့်စနစ်အား ကျင့်သုံးမှု အားနည်းခဲ့ခြင်းကြောင့် အထွက်နှုန်းနည်းရခြင်း အကြောင်း ရင်း

တစ်ခုဖြစ်ပါသည်။ ဖျက်ပိုးကျရောက်မှု အသင့်အတင့်သာရှိသော်လည်း နည်းပညာ ပံ့ပိုးပေးနိုင်သည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဆိုပါက သီးနှံဖျက်ပိုးနှင့်ပတ်သက်၍ အခက်အခဲများ လျော့နည်းနိုင်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်မှာလည်း အားနည်း နေသည်ဖြစ်ရာ စနစ်တကျ စွန့်ပစ်ခြင်း၊ အမျိုးအစားအလိုက် ပြန်လည် အသုံးချခြင်းစသည့် စနစ် များအား ဦးဆောင် ဦးရွက်ပြုနိုင်မည့် ကျေးရွာတွင်း အဖွဲ့အစည်း သို့မဟုတ် ကျေးရွာပြင်ပမှ အဖွဲ့ အစည်းများမှ လုပ်ငန်းစဉ် အဆင့်ဆင့်အား ကျေးရွာသူ/ကျေးရွာသားများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

မင်းကကြဲကျေးရွာတွင် လူငယ်များသည် သာရေးနာရေး၊ဘာသာရေးတို့တွင် အားတက်သရော ပါဝင်ဆောင်ရွက်ကြပါသည်။ စာကြည့်တိုက် သီးသန့်မရှိပါ။ပြန်ကြားရေးမှ စီစဉ်ပေးထားသော " စာပေရေချမ်းစင်" တစ်ခုရှိပြီး ၎င်းမှ အိတ်တွင် ပြုလုပ်ထားသောကြောင့် လူငယ်များ မဖတ်သလောက်တွေ့ရပါသည်။ ဆက်သွယ်ရေးကောင်းမွန် လာသည်နှင့်အမျှ ကွန်ယက် ပေါ်တွင်သာ အချိန်ကုန်နေပါသဖြင့် စာဖတ်အား လျော့နည်းလာသည်မှာ အမှန်ပင်ဖြစ်ပါသည်။ လူငယ်များ စာပေလေ့လာမှုမြှင့်တက်လာရေးအတွက် ပညာပေးဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ရန် လိုအပ်နေပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက် မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

## ၁၀။ ပြည်ခြားကျေးရွာအုပ်စု၊ မင်းကကြဲကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | ဦးစားပေး အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်ရေပေးရေး | သောက်သုံးရေ | တွင်းတိမ်တူးဖော်ခြင်း ( ၄"Ø ၁၂၀' ) | ပထမ | |
| ၂ | လူငယ်နှင့် အားကစား | အားကစားနှင်ကာယပညာရပ်ဆိုင်ရာ၊ အားကစားကွင်း၊အားကစားပစ္စည်း | အားကစား | ကျေးရွာဘောလုံးကွင်း ပြုပြင်ခြင်း | ဒုတိယ | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ရွာတွင်းလမ်း(၁)မိုင်အား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း | တတိယ | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက် လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ဝါးကုန်း မင်းကကြဲကျေးရွာချင်းဆက်လမ်း (၁.၄)မိုင် အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် | | |
| ၅ | လူငယ်နှင့်အားကစား | စီမံခန့်ခွဲမှုနှင့်စွမ်းဆောင် ရည်ဖွံ့ဖြိုးစေရေး | အမျိုးသမီး | အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း | | |
| ၆ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု/ ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် | | |
| ၇ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု/ ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ယင်လုံအိမ်သာသုံးစွဲနိုင်ရေးအတွက် ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | | |
| ၈ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းအားကစားကွင်း အကောင်အထည်ဖော်ခြင်း | | |
| ၉ | စိုက်ပျိုးရေး | လယ်ယာလုပ်ငန်းသုံး စက်ကိရိယာနှင့် စက်မှုလယ်ယာ | စက် | လယ်ယာသုံးစက်ကိရိယာများအရစ်ကျရောင်းချပေးနိုင် ရန် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း | | |
| ၁၀ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာ | နည်းပညာ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး သင်တန်းများ ပြုလုပ်ပေးခြင်း | | |
| ၁၁ | စိုက်ပျိုးရေး | လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံ တင်ခြင်းနှင့်လယ်ယာမြေအသုံးချမှု | မြေ | ရေတား တာဘောင် ပြုလုပ်ခြင်း | | |

| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၂ | လူငယ်နှင့်အားကစား | လူငယ်အရည်အသွေးနှင့်စွမ်းဆောင်ရည်ဖွံ့ဖြိုးစေရေး | လူငယ်အခွင့်အရေး | စာပေဟောပြောပွဲများ ပြုလုပ်ခြင်း | | |
| ၁၃ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား အလတ်စားစီးပွါးရေးလုပ်ငန်းများဆိုင်ရာ | အခြားထုတ်ကုန်လုပ်ငန်းများ အသေးစား အလတ်စားနှင့် အကြီးစား လုပ်ငန်းဆိုင်ရာများ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသက်မွေးဝမ်းကျောင်းသင်တန်း(အပ်ချုပ်၊အသေးစားစက်ပြင်၊အလှပြင်၊မုန့်လုပ်) သင်တန်း ပြုလုပ်ပေးခြင်း | | |
| ၁၄ | မွေးမြူရေးနှင့်ငါးလုပ်ငန်း -မွေးမြူရေးဆေးပညာ | မွေးမြူရေးနည်းပညာ | တိရိစ္ဆာန်မွေးမြူရေး | မွေးမြူရေးဆိုင်ရာ နည်းစနစ်များနှင့် ရောဂါကာကွယ်ရေးဆိုင်ရာဟောပြောပွဲများ ပြုလုပ်ပေးခြင်း | | |

**နောက်ဆက်တွဲ (၁)**

## ပြည်ခြားကျေးရွာအုပ်စု၊ **မင်းကကြဲကျေးရွာ** ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးချစ်ကိုကို | ဦးကြည်သင် | ၆/ပလန(နိုင်) ၀၈၉၃၀၉ | ၅၂ | ဥက္ကဋ္ဌ | ၀၉၇၆၉၈၄၂၁၅၉ |
| ၂ | ဦးဇော်နီဝင်း | ဦးသင်းလှိုင် | ၆/ပလန(နိုင်) ၀၅၃၅၁၈ | ၄၅ | အတွင်းရေးမှူး | ၀၉၈၉၁၇၈၈၃၃၈ |
| ၃ | ဒေါ်အေးယု | ဦးရန်ရှင်း | ၆/ပလန(နိုင်) ၀၅၃၄၃၂ | ၄၀ | ဘဏ္ဍာရေးမှူး | ၀၉၄၅၁၂၇၇၁၄၇၇ |
| ၄ | ဒေါ်ဇင်ဇင်မော် | ဦးဌေးဝင်း | ၆/ပလန(နိုင်) ၀၈၁၄၀၃ | ၃၆ | စာရင်းကိုင် | ၀၉၆၉၈၄၂၆၉၄၉ |
| ၅ | ဦးမောင်သန်း | ဦးဖနော | - | ၇၀ | စာရင်းစစ် | ၀၉၇၈၃၅၀၂၀၉၂ |
| ၆ | ဒေါ်နွယ်နွယ်ဌေး | ဦးဖိုးရှိ | ၆/ပလန(နိုင်) ၀၀၇၄၆၀ | ၂၇ | အဖွဲ့ဝင် | ၀၉၄၄၃၆၂၂၀၁၁ |
| ၇ | ဒေါ်မီးငယ် | ဦးမောင်သန်း | - | ၄၂ | အဖွဲ့ဝင် | ၀၉၇၇၇၂၂၈၆၁၇ |
| ၈ | ဦးကြည်သန်း | ဦးဘတင့်လှိုင် | - | ၅၂ | အဖွဲ့ဝင် | ၀၉၄၄၄၉၅၆၁၆၀ |
| ၉ | ဦးစောထွေး | ဦးမောင်ညို | - | ၄၈ | အဖွဲ့ဝင် | - |
| ၁၀ | ဦးမောင်မြင့် | ဦးရွှေသောင်း | ၆/ပလန(နိုင်) ၀၆၆၉၁၂ | ၆၄ | အဖွဲ့ဝင် | ၀၉၄၂၂၂၄၇၆၃ |
| ၁၁ | ဦးအေးလင်း | ဦးထွန်းဘော် | ၆/ပလန(နိုင်) ၀၉၄၈၅၀ | | နာယက | ၀၉၂၅၅၉၃၂၈၈၁ |
| ၁၂ | ဦးသန်းမောင် | ဦးပု | - | ၆၇ | ရပ်မိရပ်ဖ | ၀၉၇၈၁၇၈၅၆၂၃ |
| ၁၃ | ဦးဇော်ဝင်း | ဦးတင် | ၆/ပလန(နိုင်) ၀၆၁၁၁၇ | ၆၂ | ရပ်မိရပ်ဖ | ၀၉၄၀၁၄၇၇၉၇၉ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၃ | ၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၇ | ၂၅ | ၄၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၁ | ၃၅ | ၆၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၄ | ၅၈ | ၂၀၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၀၉ | ၂၀၂ | ၄၁၁ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၁၈ | ၃၈ |
| **စုစုပေါင်း** | | **၃၂၆** | **၃၄၁** | **၆၆၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၀၈** | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။မင်းကကြဲကျေးရွာတွင် အဓိကအားဖြင့် ဗမာလူမျိုးများ နေထိုင်ကြပြီး အိမ်ထောင်စု (၁၀၈) စု၊ လူဦးရေ (၆၆၇) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၁၉%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် (၆.၁၉%)၊ မူလတန်းကျောင်းသားအရွယ် (၁.၈၉%)၊ အလယ်တန်းကျောင်းသား အရွယ် (၁၅.၂၉%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၆၉%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၈.၃၈)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၂၀၉) ဦး၊ မ (၂၀၂) ဦး စုစုပေါင်း (၄၁၁) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၁.၆၁)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၆.၁၇) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ပိုမိုနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေး နိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး ၊ဥယျာဉ်ခြံလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၂ | ၈၀ | ၂၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၅ | ၄၄ | ၃ | မြင့်☐လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၁၅ | ၈ | မြင့်☐လတ☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၁၀ | - | မြင့်☐လတ်☑နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၈ | - | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | - | ၁၀ | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၉ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | ၁၀ | ၈ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | မြင့်☐လတ်☐နိမ့်☑ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | | ၄ | မြင့်☐လတ☑နိမ့်☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့်☐လတ်☐နိမ့်☑ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၈၁ | ၉၃ | ၂၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | | | | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ မင်းကကြဲကျေးရွာတွင် လယ်နှင့် ရော်ဘာခြံများကို ဦးစားပေး စိုက်ပျိုးလုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ် လုပ်သား များအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ ဆောက်လုပ်ရေး လုပ်ငန်း ခွင်တွင် လက်သမား၊ ပန်းရံ အဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊ အဝတ်ချုပ်ခြင်း၊(ခနိ)ဖက်ထိုးခြင်း၊ဦးထုပ်ယက် ခြင်းစသည့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သည့် အိမ်ထောင်စုအနည်း ငယ်ရှိပါသည်။ အခြားအသက်မွေး မှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါး သောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါ သည်။ တံငါ လုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၁၅)စုရှိပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၁၂)စုရှိပါသည်။

## ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၁၀၀၀၀ | - | ၈၀၀၀ | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | - | ၈၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ မင်းကကြဲကျေးရွာတွင် အများအားဖြင့် ကျဘမ်းအလုပ်သမားများပြီး၊ လယ်ယာလုပ်ငန်းခွင် ဆောက်လုပ်ရေး၊ ရေချိုငါးဖမ်းလုပ်ငန်း ၊လက်လီလက်ကားရောင်းဝယ်သူများ အနည်းငယ်ရှိပါသည်။ ကျား မလုပ်အားခနှိုင်းယှဉ်လျှင် ကျားလုပ်အားခ ပိုများပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၉၇.၅** | ကောင်း ☐ သင့်Â ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | **၂၀၁.၅** | ကောင်း ☐ သင့်Â ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၂၉၉ | ☒ |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ မင်းကကြဲကျေးရွာတွင် လယ်၊ဥယျာဉ်ခြံမြေ ပိုင်ဆိုင်သည့် အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ လယ်မြေဧက အနည်းငယ်စီသာပိုင်ဆိုင်ကြပါသည်။ စိမ့်စမ်း ရေ၊ဆည်ရေ မရရှိ သောကြောင့် မိုးစပါးတမျိုးတည်းကိုသာ စိုက်ပျိုးကြရပါသဖြင့် ဝါးကုန်းကျေးရွာမှ ဆန်ဝယ်ယူ စားသုံးနေရပါသည်။ လယ်မြေနှင့် ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာ ထက်သန်မှုမှာ အသင့်အတင့် သာရှိ၍ စပါးနှင့်အခြားသီးနှံများထုတ်လုပ်မှုတွင် အထွက်နှုန်းတိုးတက် လာစေရန် စိုက်ပျိုးနည်း စနစ်များ၊ မြေဆီသြဇာ အဆင့်အတန်း ကောင်းမွန်လာစေရန် လိုက်နာရမည့် နည်းစနစ်များ ကျင့်သုံး ရန် လိုအပ်နေပါ သည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | များ☐ သင့်☐ နည်း☐ မရှိÂ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ☐ သင့်☐ နည်း☐ မရှိÂ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များÂ သင့်☐ နည်း☐ မရှိ☐ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ☐ သင့်☐ နည်း☐ မရှိÂ | ☒ |

**ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ မင်းကကြဲကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့်

ကျောက်စရစ်များအား အခြားဒေသများမှ သွားရောက်ဝယ်ယူကြရပါသည်။ တောတိရစ္ဆာန်မျိုးစိတ်များ ရှားပါးနေပြီဖြစ် ပါသည်။ သဘာဝအပင်မျိုးစိတ်များ (ကာရဝေး၊ဂျာမနီ၊လောက်သေ၊ သတ်ရင်ကြီး၊ ဖလံတောင်မွေး၊ ဆင်တုံးမနွယ်)စသည့်ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်သည့်အပင်များ ပေါက် ရောက်သည့် ဒေသတစ်ခုဖြစ် ပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၅ | ၄၅ | ၃၄ | ၁၄ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ မင်းကကြဲကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၁၃.၈၈%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၄၁.၆၆%) ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ (၄၁.၆၆%) ရှိပြီး ထုတ်ကုန်လုပ်ငန်း၊ နှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ ထိုအိမ်ထောင်စု များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် လယ်နှင့်သက်ဆိုင်သော ရာသီအလိုက် လုပ်ငန်းများနှင့် ရော်ဘာအစေး ခြစ်သည့် လုပ်ငန်းခွင်များတွင် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ___<br>ချေးယူ = ___၄___<br>လုပ်အားခကြိုယူ = ___ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ___<br>ချေးယူ = ___၄___<br>လုပ်အားခကြိုယူ = ___ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ___<br>ချေးယူ = ___၇___<br>လုပ်အားခကြိုယူ = ___ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။မင်းကကြဲကျေးရွာရှိ ဥစ္စာခနေအဆင့်(၃)နှင့်(၄)အိမ်ထောင်စုပေါင်း၏ (၃၀%)အား စစ်တမ်းကောက်ယူမှုအရ ၎င်းအိမ်ထောင်စုများသည် ချေးယူ၍ မိသားစုအခက်အခဲများကို ဖြေရှင်း ကြပါသည်။

## (၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | - | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၂ | - | ၂ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ မင်းကကြဲကျေးရွာတွင် ကူညီစောင့်ရှောက်မှု လိုအပ်နေသော အသက် (၆၀)နှစ်အထက်နှင့် မသန်စွမ်းသည့်သူ အနည်းငယ်ရှိပါသည်။ထို့ကြောင့် ကျေးရွာအတွင်း

လိုအပ်မှုများကို အကူအညီပေးနိုင်ရန် ပရဟိတအဖွဲ့ များဖွဲ့စည်းရန် လိုအပ်နေပါသည်။

### (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | **စားနပ်ရိက္ခာ မဖူလုံမှု** | မြင့် □ လတ် Â နိမ့်□ မရှိ □ |
| ၂ | **သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)** | မြင့် Â လတ် □ နိမ့်□ မရှိ □ |
| ၃ | **ရေကြီးခြင်း** | မြင့် □ လတ် Â နိမ့် □ မရှိ □ |
| ၄ | **မိုးခေါင်ခြင်း** | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၅ | **အအေးလွန်ကဲခြင်း** | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၆ | **မုန်တိုင်း** | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၇ | **ငလျင်** | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၈ | **မီးဘေး** | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၉ | **ဆားငန်ရေဝင်မြေ** | မြင့် □ လတ် Â နိမ့် □ မရှိ □ |
| ၁၀ | **မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု** | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၁ | **သစ်တောပြုန်းတီးခြင်း** | မြင့် Â လတ် □ နိမ့်□ မရှိ □ |
| ၁၂ | **ငှက်ဖျားရောဂါ** | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၁၃ | **တီဘီရောဂါ** | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၁၄ | **ကိုယ်ခံအားကျဆင်းမှုရောဂါ** | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၁၅ | **ပြည်တွင်း ပဋိပက္ခ** | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၆ | **တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု** | မြင့် □ လတ် Â နိမ့် □ မရှိ □ |
| ၁၇ | **လူကုန်ကူးခြင်း** | မြင့် □ လတ် □ နိမ့်□ မရှိ Â |
| ၁၈ | **ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်** | မြင့် □ လတ် □ နိမ့် Â မရှိ □ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ မင်းကကြဲကျေးရွာသည် မိုးရေကို အမှီပြု၍ မိုးစပါးတစ်မျိုးတည်းကိုသာ အဓိက စိုက်ပျိုးကြပါသဖြင့် ဝမ်းစာဖူလုံမှု မရှိပါ။ရွာအနေအထားအရ ကုန်းမြင့်နှင့်တောင်စောင်းတွင် နေထိုင်သူ များပြီး ဆိပ်ကမ်းဘက်နေထိုင်သူ အနည်းငယ်သာ တခါတရံ ပင်လယ်ရေကြီးခြင်းနှင့် ပလောက်ချောင်းမှ မိုးရေကြီးခြင်းများ ကြုံတွေ့ရပါသည်။ရာသီဥတုအသင့်အတင့်မျှတပြီး အနောက် ဘက် တွင် မလိကျွန်းတောင်တန်း အကာအကွယ်ပေးထားသဖြင့် မုန်တိုင်းအန္တရာယ် စိုးရိမ်ဖွယ် မရှိပါ။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် Â နိမ့် မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် Â နိမ့် မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် Â နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ မင်းကကြဲကျေးရွာသည် အများစုမှာ ဆွေမျိုးတော်စပ်ကြသဖြင့် အန္တရာယ် ကြုံပါက စည်းလုံးညီညွတ်စွာဖြေရှင်းကြပါသဖြင့် ထိခိုက်မှု နည်းပါးပါသည်။ ကျဘမ်း အိမ်ထောင်စုများမှာ ပြည်ပလုပ်ကိုင်သည့်သားသမီးများမှ ဝင်ငွေရရှိသဖြင့် အနည်းငယ် အဆင်ပြေကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | နာရေးကူညီမှု အသင်း | ၁□ ၂Â ၃□ | ၆၁ | ၂၀ | ၈၁ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး Â ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □<br>သင့် Â<br>ညံ့ □ |
| ၂ | ကာလသား/ သမီးအဖွဲ့ | ၁□ ၂Â ၃Â | ၃၀ | ၄၈ | ၇၈ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး Â<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း Â<br>သင့် □<br>ညံ့ □ |
